## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

## နဝမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန် အစည်းအဝေးရဲ့ န၀မနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်ကို ဖတ်ကြား တင်ပြပါ့မယ်။

ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ မိခင်ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေ။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှိုင်ဦး ၊ ဧရာဝတီ (၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ Workshop။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ မိခင်နာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ဒေသဖွံ့ဖြိုးရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ဒုတိယဗိုလ်မှူးကြီး မျိုးသစ်ဦး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သိန်း၊ မွန်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွန်ဒုတ်ကျင့်၊ ချင်း(၆)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာ အေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ မိသားစုကျန်းမာရေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးကုသမှု။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။

ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင်ကျန်းမာရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကော်မရှင်ကိစ္စ။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ မိသားစုကိစ္စ။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဖွံ့ဖြိုးရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေ့ယိန်း၊ ချင်း(၁၁)၊ ဖွံ့ဖြိုးရေး။ ဦးကျွန်ခဲန်၊ ချင်း(၁)ဖွံ့ဖြိုးရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး န၀မနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၉)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကလေးမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးပါရန်နှင့် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်မည့် ရန်ပုံငွေ ချမှတ်ပေးရန် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကလေးမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးပါရန်နှင့် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်မည့် ရန်ပုံငွေ ချမှတ်ပေးရန် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် အ.လ.က (၁)ကို ကျွန်တော် ယခင်ကတော့ အ.မ.က (၆) ဖြစ်ပါတယ်။ အ.မ.က (၆)ကို အ.လ.က (၁) အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒါ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်နောက်ပိုင်းမှာ တိုးပေးခဲ့တာ ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ဒါကို ကျွန်တော်တို့ အ.ထ.က အဖြစ်လည်း အဆင့်တိုးမြှင့်ပေးပါမယ်လို့ တာဝန်ရှိသူတစ်ဦးက ကျွန်တော့်ကိုပြောကြားပါတယ်။ ဒါလည်း ကျွန်တော် လိုအပ်ချက်ကို သေသေချာချာ တင်ပြခဲ့တဲ့အတွက် ဒါ အဆင့်တိုးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော် Power Point လေး ထိုးပေးပါဦး ကျွန်တော်တို့ ကလေးမြို့ရဲ့ ပညာရေးနဲ့ပတ်သက်ပြီးတော့ အခြေအနေလေးကို ပြောလိုပါတယ်။

ကျွန်တော်တို့ ကလေးမြို့ဟာ အရှေ့အနောက် ရှည်လျားတဲ့ မြို့ ဖြစ်ပါတယ်။ (၁၀)မိုင် လောက် ရှိပါတယ်။ အရှေ့အနောက်ဆိုရင် အဲဒီမှာကျွန်တော်တို့ တစ်ခြမ်းခြမ်းလိုက်မယ်ဆိုရင် ကျွန်တော်တို့ အရှေ့

ခြမ်းမှာ အ.ထ.ကကျောင်း(၂)ကျောင်းရှိပါတယ်။ အ.ထ.ကခွဲကျောင်း(၂)ကျောင်းရှိပါတယ်။ အနီရောင်က ပတ်ကား အ.ထ.က တွေဖြစ်ပါတယ်၊ အပြာရောင်က အ.ထ.ကခွဲတွေ ဖြစ်ပါတယ်။ အဲဒီတော့ အထက်တန်း ပညာသင်ယူခဲ့တဲ့ကျောင်း(၄)ကျောင်း ရှိပါတယ်။ အရှေ့ပိုင်းမှာ အနောက်ပိုင်းမှာကျတော့ အနီရောင်ဟာ ကျွန်တော်တို့ ပတ်ကား အ.ထ.က ကျောင်းမျိုး ဒီ (၁)ကျောင်းပဲ ရှိပါတယ်။ လူဦးရေကလည်း အင်မတန် သိပ်သည်းတဲ့နေရာဖြစ်ပါတယ်။ နောက်တစ်ခါ ဒီဒေသမှာ ဒီအပိုင်းမှာနေတဲ့လူတွေဟာ တိုင်းရင်းသား တွေဖြစ်ပါတယ်။ တိုင်းရင်းသားတွေက အများစု ဖြစ်ပါတယ်။ အရှေ့ပိုင်းမှာ ဗမာ အများစုပြီးတော့ အနောက်ပိုင်းမှာက ချင်းတိုင်းရင်းသား အများစု ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သူရဦးရွှေမန်း ကလေးမြို့ကိုရောက်ရှိတဲ့ ခရီးစဉ်မှာ တိုင်းရင်းသား ပါတီက ဥက္ကဋ္ဌတစ်ယောက်ကတောင်မှ ဒါနဲ့ပတ်သက်ပြီး ဝမ်းနည်းစကား ပြောသွားဖူးပါတယ်။ သူတို့ကို ခွဲခြားထားတယ်လို့ ပြောသွားဖူးပါတယ်။ အဲဒီတော့ ကျွန်တော် အခုတင်ပြမယ့်ကျောင်းက အစိမ်းရောင် ပြထားတဲ့ ကျောင်းဖြစ်ပါတယ်။ ယခင်က အ.မ.က (၆) ကနေ ကျွန်တော် တင်ပြတော့ အ.လ.က (၁)အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အခုတစ်ခါ ကျွန်တော်က ဒါကို အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ချင်ပါတယ်။ ဒါ အကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ကျွန်တော် အ.မ.က (၆)ကို တိုးမြှင့်ပေးစဉ်ကလည်း ဒါကို အ.ထ.က တိုးမြှင့်ပေးစေချင်တဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် အဲဒီကျွန်တော်တို့ အ.ထ.က(၂)ဆိုတာ ဒါကျွန်တော်လည်း အရင်ကလည်း တင်ပြဖူးပါတယ်။ ကျောင်းသား အင်မတန်များပါတယ်။ ဗမာပြည်မှာတောင်မှ ကျောင်းသားအများဆုံးလို့ သတ်မှတ်ထားတဲ့ကျောင်း ဖြစ်ပါတယ်။ အထူးသဖြင့် အထက်တန်းကျောင်းသား အင်မတန်များပါတယ်။ အထက်တန်းကျောင်းသားဟာ သုံးထောင်သုံးရာကျော် ရှိပါတယ်။ အထက်တန်း ကျောင်းသားချည်းပဲ သုံးထောင်သုံးရာကျော် ရှိတဲ့အတွက် ကျောင်းဆောင်နဲ့ ကျောင်းသားရဲ့အင်အား အချိုးဟာ အင်မတန် များပါတယ်။ ကျွန်တော်လှမ်းမေးတဲ့အခါမှာ ၁း၈၀ လောက် ရှိတယ်ပြောပါတယ်။ ကျောင်းသားနဲ့ ကျောင်း ခန်း အချိုးဟာ အင်မတန်များပါတယ်။ အဲဒီလိုများတဲ့အတွက် ဒီကျောင်းရဲ့ ပညာအရည်အသွေးဟာ ဘယ်လိုမှ မြင့်မားလာစရာအကြောင်း မရှိပါဘူး။ ကျောင်းဟာ ပြွတ်သိပ်ညှပ်နေအောင် ကျောင်းသားတွေ သင်ရပါတယ်။ အဲဒီတော့ ပညာအရည်အသွေးညံ့ပါတယ်။ မြို့ပေါ်မှာကျောင်းတွေ အခုတင်ပြတဲ့ ကျောင်း (၅)ကျောင်းထဲမှာ အောင်ချက်အနည်းဆုံးကျောင်းဟာ ဒီကျောင်းပါပဲ၊ (၁၀)တန်းအောင်ချက် နည်းပါတယ်။

ဘာကြောင့်လဲဆိုရင် စောစောကပြောသလိုပဲ စာသင်ခန်းနဲ့ ကျောင်းသားအင်အား မမျှတဲ့ အတွက် စာသင်ကြားရေးမှာ အခက်အခဲတွေ ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က အ.လ.က (၁) ကို အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးမယ်ဆို ဝမ်းသာခဲ့ပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ကျွန်တော်တို့ ပညာသင်နှစ်မှာ တိုးဖို့စာရင်းပါခဲ့ပါတယ်။ သို့သော်လည်းပဲ ဘာအကြောင်းကြောင်း ကြောင့်လည်းမသိဘူး ဆိုင်းငံ့ဆိုပြီးမှထားခဲ့ပါတယ်။ ဆိုင်းငံ့ဖြစ်တဲ့အတွက် ဘယ်လောက်ဆိုင်းငံ့ထားမယ် ဆိုတာမသိပါဘူး။ ဘာကြောင့် ဆိုင်းငံ့ဖြစ်တယ်ဆိုတာ မသိပါဘူး။ အင်မတန်မှ ဒါဟာ (၁)နှစ်တန် (၁)နှစ် (၂)နှစ်တန် (၂)နှစ် ကျွန်တော်တို့ ကြာသွားရင်လည်း မကောင်းပါဘူး။ ဒီကျောင်းကို အ.ထ.က (၂)ကို

Weight လျှော့ဖို့ဆိုရင် အ.လ.က (၁)ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အထက်တန်းကျောင်း တိုးပေးမှသာ အဆင်ပြေမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ အဝါရောင်ပြထားတာကတော့ အခုကျွန်တော် ဒါလက်ရှိ ကျွန်တော်တို့ အ.ထ.က(၄)အဖြစ် စီစဥ်ဆောင်ရွက်နေတဲ့ နေရာဖြစ်ပါတယ်။ အဝါရောင်ပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အတွေးထဲမှာ ဒီအဝါရောင် နေရာမှာ အ.ထ.က ပေးလိုက်ရင် စောစောက ပြောတဲ့ အစိမ်းရောင် ဖြစ်တဲ့ အ.လ.က(၁)ကို အ.ထ.က မပေးတော့မှာ စိုးရိမ်ပူပန်ပါတယ်။ ဘာကြောင့်လဲဆိုရင် လိုအပ်ချက်အရ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ရှည်လျားနေမှာစိုးလို့ ကျွန်တော် မတင်ပြတော့ပါဘူး။ ဒါနဲ့ပတ်သက်ပြီး တစ်ချိန်က ကျွန်တော်တင်ပြဖူးခဲ့ပါတယ်။ လမ်းအန္တရာယ်ရှိတာတွေ နောက်တစ်ခါ ကျွန်တော်တို့ ဒီလမ်းမကြီးကို ကျောင်းသားလေးတွေ တန်းစီပြီးမှ ဘော်ဒါကျောင်းသားတွေပေါ့၊ မြောက်ဘက်ပိုင်းက ဘော်ဒါကျောင်းသားတွေဟာ တောင်ဘက်ပိုင်းမှာရှိတဲ့ အ.ထ.က (၂)ကို ခြေလျင်ဖြတ်တဲ့အခါမှာ လမ်းမှာ ကားတွေပိတ်ဆို့တာတွေ၊ နောက်တစ်ခါအန္တရာယ်ရှိတာတွေ၊ အဲဒါတွေကို သေသေချာချာတင်ပြခဲ့လို့လည်း ကျွန်တော်တို့ အဲဒီကာလက တာဝန်ရှိပုဂ္ဂိုလ်ကလည်းကျွန်တော့်ကို အ.ထ.က အဖြစ် မဖြစ်မနေ တိုးပေးပါမယ်လို့ ကတိပေးထားတာ ရှိပါတယ်။ သို့သော်လည်းပဲ ဒါဟာ ဆိုင်းငံ့ခံလိုက်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ အဲဒီရပ်ကွက်မှာရှိတဲ့ ပြည်သူလူထုဟာ စိတ်မကောင်းဖြစ်ကြရပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါကြောင့်မို့လို့ ဒီကျောင်းနဲ့ပတ်သက်ပြီး ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဆိုင်းငံ့ထားတဲ့ အ.ထ.က အဆင့်တိုးမြှင့်မယ့် အ.လ.က(၁)ကို အဆင့်တိုးပေးမည့် အစီအစဥ်နဲ့ အဲဒီကျောင်းမှာလိုအပ်နေတဲ့ ကျောင်းဆောင်အတွက် ရန်ပုံငွေချမှတ်ပေးမယ့် အစီအစဥ်တို့ကို သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က လာမည့်ပညာသင်ကာလတွင် အခြေခံအဆင့် ကျောင်းများ၏ သင်ရိုးကို ပြောင်းလဲရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က လာမည့်ပညာသင်ကာလတွင် အခြေခံအဆင့် ကျောင်းများ၏ သင်ရိုးကိုပြောင်းလဲရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ လာမယ့်ပညာသင်ကာလတွင် အခြေခံအဆင့်ပညာကျောင်းများ၏ သင်ရိုးပြောင်းလဲရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဥ်းပြီးတော့ မေးမြန်းသွားမှာပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမှာ အခြေခံအဆင့်ဆိုတာကတော့ မူလတန်းရယ်၊ အလယ်တန်းရယ်၊ အထက်တန်းရယ် ဒီဟာကိုပဲ ရည်ညွှန်းခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့တစ်နိုင်ငံလုံးမှာရှိနေတဲ့ မိဘများက အခုဆိုရင်ကလေးတွေ၊ ကလေးတွေဆိုတာက မူလတန်း၊ အလယ်တန်းကစပြီးတော့ အထက်တန်းအဆင့်အထိ ကျူရှင်တွေယူကြရတယ်။ နောက်ပြီးတဲ့အခါကျတော့ ဒီကလေးတွေဆိုလို့ရှိရင် သယ်ရတဲ့စာအုပ်တွေက ဒါအကုန်လုံးလည်း ကြားနေကြတာပါ။ နောက်က တစ်ယောက်ကလိုက်ပြီးတော့ ဒီဆာလာအိတ်နဲ့ထမ်းပြီးတော့ သယ်ရမယ်ဆိုတဲ့ သဘောမျိုးတွေကအစ ပြောဆိုနေကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီကိစ္စရပ်တွေကိုသက်ဆိုင်ရာဝန်ကြီးဌာနက စဉ်းစားပြီးတော့ ဘယ်လိုသင်ရိုးညွှန်းတမ်းတွေကို ဆောင်ရွက်ရင်ကောင်းမလဲ။ ဒီဟာများစဉ်းစားပြီးတော့ ဆောင်ရွက်ထားခြင်း ရှိ/မရှိ ဆိုတဲ့ဟာကိုလည်းပဲ သိချင်လို့တဲ့အတွက်ကြောင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

နောက် ၂၁ ရာစုအဝင်မှာ ဒါစာတမ်းတွေ အများကြီးရှိပါတယ်။ ဥပမာ - အင်္ဂလန်နိုင်ငံဆိုလည်းပဲ ဒီအတိုင်းပဲ။ (National Curriculum England) ဆိုပြီးတော့ ဒါလာမယ့် ၂၁ ရာစု၊ စင်ကာပူဆိုလည်းဒီအတိုင်းပဲ၊ နိုင်ငံတိုင်းက သူတို့ရဲ့သင်ရိုးတွေကို ပြန်လည်သုံးသပ်ပြီးတော့ ဆောင်ရွက်နေကြခြင်းလည်းပဲရှိပါတယ်။ အဲဒီတော့ ဒီသင်ရိုးတွေကိုရေးဆွဲတဲ့အခါမှာ အခြေခံအားဖြင့်တော့ အကြမ်းဖျင်းအားဖြင့် တူကြပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုပြီးတော့သွားပါတယ်။ တစ်နည်းအားဖြင့် ဟိုဘက်မှာလည်းပဲ သွားတာက စိတ်ဓာတ်ရယ်၊ စိတ်ဓာတ်မြှင့်တင်မှုရယ်၊ နောက်ပြီးတော့ (Physical Development) ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုရယ် ဒီအပိုင်းတွေကို အဓိကထားပြီးတော့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အသေးစိတ်ပြောရရင်တော့ ကျွန်တော် အချို့အင်္ဂလိပ်လို အသုံးအနှုန်းလေး ခွင့်ပြုပါခင်ဗျာ။ (Spiritual, moral, Culture, Mind and Physical Development) ဆိုပြီးတော့ ဒီဟာကိုတိုးတက်ဖို့အတွက် ကျွန်တော်တို့က ဆောင်ရွက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာတွေရေးဆွဲတဲ့အခါမှာ ဒီအစိတ်အပိုင်းတွေ ဘယ်လောက် လောက်ပါသလဲ။ ပြန်လည်ဆန်းစစ်ဖို့လိုပါတယ်။ ဒီအစိတ်အပိုင်း ဒီအထဲမှာဘယ်လောက်လောက် ပါသလဲ၊ မပါဘူးလဲ။ ဒါအတွက် ဆန်းစစ်ဖို့လိုပါတယ်။

နောက်တစ်ဆင့်ကတော့ ဒီကလေးတွေဟာ သူတို့နောက်ပိုင်း သူတို့ဘဝတစ်လျှောက်လုံးမှာ တွေ့ကြုံလာရမယ့် အတွေ့အကြုံတွေကို ရင်ဆိုင်ဖြေ ရှင်းဖို့အတွက် အတွေ့အကြုံတွေ (experience) တွေရဖို့၊ နောက် အဲဒီမှာတာဝန်ယူနိုင်ဖို့ (Responsibility)တွေ၊ သူတို့က ဘာတာဝန်တွေရှိသလဲ၊ ဘယ်လိုများဆောင်ရွက်နိုင်စွမ်းရှိသလဲ၊ ဘယ်လိုစုပေါင်းဆောင်ရွက်မလဲ၊ ဒီဟာတွေနောက် သူတို့ရဲ့ ရလာနိုင်တဲ့အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ (opportunities)တွေ အဲဒီတော့ ဒီသင်ရိုးတွေဆွဲတဲ့အခါမှာ ဒါတွေပါလား။ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့ ဆွေးနွေးနေတဲ့အရင်တုန်းကလည်းပဲ

(Innovation, Creation, Invention) သူတို့ရဲ့ တီထွင်မှု၊ ကြံဆမှု စသည်အားဖြင့်ဒီအစိတ်အပိုင်းတွေ၊ ဒီသင်ရိုးတွေမှာ ဘယ်လောက်လောက်များ ထည့်ပြီးတော့ ရေးဆွဲထားသလဲ။ သင်တဲ့အခါမှာလည်းပဲ ဘယ်လိုများ ကျွန်တော်တို့ကပါဝင်နေလဲ။ ဒီဟာတွေ ပြန်လည်ဆန်းစစ်ဖို့ လိုမယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။

နောက် နိုင်ငံတော်တော်များများကို ဥရောပမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ အာရှ၊ ဒီဘက်မှာဆိုရင် ကျွန်တော်တို့အနီးဆုံးနိုင်ငံ ထိုင်းနိုင်ငံတို့၊ စင်ကာပူနိုင်ငံတို့ ဒီနိုင်ငံတွေမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ ကြည့်လိုက်ရင် အသက်(၅)နှစ်၊ ဒါမှမဟုတ်ရင် အသက်(၆)နှစ်ကနေပြီးတော့ (၁၆)နှစ် အရွယ်အထိဟာ အဓိက အားဖြင့်တော့ ကျွန်တော်တို့ ဘာသာစကားပေါ့လေ၊ ဘာသာစကားဆိုတာ အင်္ဂလိပ်စာ၊ နောက်သူတို့ရဲ့ မိခင်ဘာသာစကား၊ ပြီးတဲ့အခါကျတော့ Science ပဲ သူတို့ခေါ်ပါတယ်၊ Science။ နောက်ပြီးတော့ သင်္ချာပေါ့၊ (mathematics) ဒါတွေကို အဓိကထားပြီးတော့ သူတို့သင်ပါတယ်။ ပြီးတဲ့အခါကျတော့ ကျန်တဲ့ဟာတွေကတော့ Geography ပထဝီတို့၊ သမိုင်းတို့ ဒီဟာတွေပါပါတယ်။ နောက်ပြီးကျွန်တော်တို့ ဒါအခုခေတ်နဲ့လျော်ညီစွာ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ICT တို့၊ နောက်တစ်ခါကျရင် သူတို့က နယ်မြေနဲ့ ပတ်သက်တဲ့၊ သက်ဆိုင်ရာနယ်မြေနဲ့ ပတ်သက်လို့ သူတို့သင်ဖို့လိုအပ်တဲ့ (Design and Technology) တို့ ဒီဟာတွေထည့်တယ်။ နောက်ပြီးတော့ တော်တော်များများ အကုန်လုံးပါတာကတော့ Music၊ တစ်နည်းအားဖြင့်တော့ ဂီတပိုင်းဆိုင်ရာ ဒီလိုပဲကျွန်တော်တော့ဘာသာပြန်မယ်လို့ယူဆပါတယ်။ ဒီဟာတွေ ကျွန်တော်တို့ သင်ပါတယ်။

နောက် Physical Training ဒီဟာမဖြစ်မနေ ကျွန်တော်တို့က ပါ ပါတယ်။ ဒါ ကျွန်တော်တို့ ဆီမှာရှိတဲ့ ဒါ ဟိုဒင်းပေါ့ ပြည်သူ့နီတိ၊ ဒါတွေကလည်းပဲ ပါ ပါတယ်။ ကျန်တဲ့ဟာတွေကတော့ တခါတလေ ကျတော့ Business နဲ့ ပတ်သက်တဲ့ဟာတွေ၊ တချို့နေရာတွေမှာ ပါတယ်။ တချို့နေရာတွေမှာ မသင်ဘူး စသည်အားဖြင့်ရှိတယ်။ နောက်တစ်ချက် အင်္ဂလန်မှာကအစ ထူးခြားတာ။ ဘာသာရေးနဲ့ဆိုင်တဲ့ နောက် ကျွန်တော်လေ့လာသလောက် အရင်တုန်းက သာသနာရေးမှာလည်း ကျွန်တော်ရှိခဲ့တော့၊ လေ့လာ သလောက် နယူးဇီလန်တို့၊ ဘာတို့မှာလည်း ဒီအတိုင်းပဲ၊ ဘာသာရေးနဲ့ပတ်သက်တဲ့စာပေတွေ အချိန်အား လျော်စွာသူကတော့ အဓိကထဲမှာမပါ ပါဘူး။ သူတို့ Core Subject ထဲမှာမပါဘူး။ အဓိကထဲမှာ မပါပါဘူး။ ဒါအပြင်ပေါ့နော်။ သူတို့ရဲ့ foundation တချို့တွေထဲမှာ ပါ ပါတယ်။ အခြေခံထဲမှာတော့ ဒါလေးတွေ သူတို့သင်ကြားပါတယ်။ သူတို့မှာရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အခု သင်ရိုးတွေဟာ အဲဒီလို ၂၁ ရာစု သူတို့ ဆွဲနေတဲ့ သင်ရိုးတွေနဲ့ ပြန်လည်ပြီးတော့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ထားခြင်း ရှိ/ မရှိပေါ့။ ဒါကြောင့်မို့လို့ ဒီဟာလည်းပဲ ကျွန်တော်တို့ ပါ ပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့သင်ကြားတဲ့အခါမှာ သင်ရိုးတွေဆွဲပြီး သင်ကြားတဲ့ အခါမှာ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ Pedagolo gy တို့၊ သင်ကြားနည်းစနစ်တွေ ဘာတွေအခြေခံမှာ ဒီဟာတွေလိုပါတယ်။ အဲဒီတော့ ကျွန်တော် ဒီမှာမေးထားတဲ့ အထဲမှာလည်းပဲ နည်း နည်းသင်၊ များများလေ့လာဆိုပြီးတော့ ဒါဟာဘာလဲဆိုတော့ ခုနက နီးစပ်တဲ့နိုင်ငံတွေ၊ ကျွန်တော့်တို့ အနီး အနားမှာရှိတဲ့ နိုင်ငံတွေလည်းဒီလိုပဲ နည်းနည်းသင်မယ်၊ များများလေ့လာမယ်။ နည်းနည်းသင်တယ် ဆိုတာက ဒီကလေးတွေကို ခုနတုန်းက ဥပမာ ပန်းပွင့်လေးတစ်ပွင့်အကြောင်းကို သူတို့ပန်းနဲ့ပတ်သက်တဲ့ အကြောင်းကို ကျွန်တော်တို့ကလေ့လာမယ်။ လေ့လာတဲ့အခါကျတော့ ကလေးတွေကို ကဲ မင်းတို့အိမ်မှာ

ရှိနေတဲ့ မင်းတို့သိတဲ့ ပန်းလေးပုံကိုဆွဲခဲ့၊ ဒါမှမဟုတ်ရင် ဒါလေးတွေကို ယူခဲ့၊ ဟုတ်ပါပြီ။ ယူလာပြီးတဲ့ အခါကျတော့ တစ်ယောက်က ဥပမာ နှင်းဆီပန်းလေးယူလာမယ်။ တစ်ယောက်က ဒီအပြင် ပန်းတစ်မျိုး ယူလာမယ်။ အမျိုးမျိုးပေါ့။ ယူလာတဲ့အခါမှာ အရောင်တွေကလည်း အမျိုးမျိုးကွဲတယ်။ ဒါဖြင့်ရင် ကလေးတွေက သူတို့ရဲ့ စိတ်ထဲမှာကိုက သူ့ဟာသူ ဟာ ဒါဘာကြောင့်အနီရောင် ဖြစ်တာလဲ။ ဘာကြောင့် အစိမ်းရောင်ဖြစ်တာလဲ။ နှင်းဆီဆိုရင်ဆူးလေးနဲ့ ဘာကြောင့်လဲ။ သူတို့စဥ်းစား တွေးခေါ်လာနိုင်တဲ့ဉာဏ် တွေကိုလည်းပဲ ဒါ သူတို့ချဲ့ထွင်ပေးပါတယ်။ အဲဒီအခါမှာစာရေးလို့ သေသေချာချာမနိုင်သေးတဲ့ ကလေး ကျတော့ ဒါ ဆရာနဲ့ ဒီကလေးနဲ့ သူ့ဟာသူဆွေးနွေးတဲ့သဘောမျိုး ကျောင်းသားချင်း ဆွေးနွေးတဲ့ သဘောမျိုး ဒီလိုဆောင်ရွက်ပါတယ်။ စာတွေ၊ ဘာတွေ ရေးတတ်လာပြီ။ သူ့အသက်နဲ့ ပတ်သက်ပြီးတော့ အဲဒီအခါကျတော့ စာတမ်းလေးတွေသူတို့ရေးကြပါတယ်။ ဒါဘာကြောင့် သူတို့လေ့လာမယ်၊ ရှာဖွေမယ်။ ဒီလို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ဒါ နိုင်ငံတကာမှာ အနီးမှာသင်နေတဲ့ဟာ။

အဲဒီတော့ ဒီစာတမ်းလေးတွေရေးတဲ့အပေါ်မှာ မူတည်ပြီး ဒီကလေးတွေရဲ့ အရည်အသွေး ကိုလည်း သတ်မှတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်တို့က ဒါ ခုနတုန်းက ပြောသလို Heavy ကျူရှင် အကြီးအကျယ် ကျွန်တော်တို့က ယူစရာမလိုတော့ဘူး။ ဒါကြောင့်မို့လို့ ဒီနေ့ သက်ဆိုင်ရာ ဟိုဘက်မှာဥပဒေတွေနဲ့ ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ ဆရာနဲ့ကျောင်းသား Ratio ဟာ ပညာရေး ဝန်ကြီး ဌာနနဲ့ ကျွန်တော် ဟိုမှာတက်တော့ သူတို့လည်းပြောပါတယ်၊ မေးတော့။ ဆရာနဲ့ကျောင်းသား Ratio ဟာ ကျောင်းသား(၂၀)နဲ့ ဆရာ(၁)ဦးလို့ ဒီလိုသတ်မှတ်ပါတယ်။ ပြောပါတယ်။ ခုနတုန်းကတော့ (၈၀)လို့ ကျွန်တော်ပြောသွားပါတယ်။ အဲဒီတော့ ကျောင်းသားနဲ့ဆရာအချိုးဟာ ၁း၂၀ ဖြစ်နေရင်တော့ ဆရာမ တစ်ယောက်က၊ ဆရာတစ်ယောက်က ဒီအတန်းကို အခုနတုန်းကပြောသလို Training ပေးလို့ရပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ နည်းနည်းသင်ပြီးတော့ များများလေ့လာဆိုတာက အဲဒီသဘော ပါ။ Geogrophy သင်မယ်။ ဒီအတိုင်းပါပဲ။ သမိုင်းကို သမိုင်းဘာသာရပ်သင်မယ် ဒီအတိုင်းပါပဲ။ ကျွန်တော်တို့က ဥပမာ Music ကို သွားတဲ့အခါကျတော့ကလည်း ဒီကလေးတွေက ဟာဒီဘက်မှာ မှတ်လိုက်တာကတော့ ဒီအသံထွက်တယ်။ ဟိုဘက်က ကြေးနောင်လေးကတော့ ဒီအသံထွက်တယ်။ ဘာကြောင့်လဲ။ သူတို့ရဲ့ ဆန်းစစ် လေ့လာချင်တဲ့စိတ်တွေ၊ Innovation, Invention ကို ဖြစ်အောင်လို့ ဒီဟာကို လုပ်ပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို လာမယ့်ပညာသင်နှစ်မှာ အခြေခံကျောင်းများရဲ့ သင်ရိုး ကို ပြောင်းလဲရန် အစီအစဥ် ရှိ/ မရှိနဲ့ နောက် ကျွန်တော်ဒီမှာလည်းပဲ ထည့်မေးထားပါတယ်။ နည်းနည်း သင်ပြီးတော့ များများလေ့လာဆိုတဲ့ သဘောမျိုးဆောင်ရွက်ထားခြင်း ရှိ/ မရှိကို သိရှိလိုပါတယ်။ ကျေးဇူး တင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိတ္တသုခ၊ စိတ်၏ ချမ်းသာခြင်း၊ ကာယသုခ၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမအနေနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လိုအပ်နေသော ကျောင်းဆောင်အတွက် ရန်ပုံငွေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်းပထမပိုင်းနဲ့ စပ်လျဉ်းပြီးတော့ ကလေးမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းရဲ့ အလယ်တန်းအဆင့် ကျောင်းသားသင်ဦးရေကို စိစစ်ကြည့်တဲ့အခါမှာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ(၆၁၀)ဦး၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ (၆၉၈)ဦး ရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးနိုင်ရန်အတွက် အမှုတွဲအားလည်း တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ရုံးမှ တစ်ဆင့် သက်ဆိုင်ရာဦးစီးဌာနသို့ ပေးပို့ထားသည်ကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်တဲ့အခါမှာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းရဲ့ ဒုတိယပိုင်းနဲ့စပ်လျဉ်းပြီးတော့ ကလေးမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာ ကျောင်းများရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ အန္တရာယ်ရှိတဲ့ ကျောင်း (၃ကျောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှ ယခင်တင်ပြထားတဲ့ ကျောင်း(၃)ကျောင်းနှင့် ဥပမိရပ်မကောင်းတဲ့ ကျောင်း(၁)ကျောင်းတို့အား ဦးစားပေး လျာထားခဲ့ရပြီး ဖြစ်ပါတယ်။ အဲဒီအပြင် ယခုအချိန်မှာဆိုရင်လည်း ဘတ်ဂျက်လျာထားချက်တွေကို တင်ပြထားပြီးဖြစ်တဲ့ အတွက် ကလေးမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက်တော့ ဒီဘတ်ဂျက်နှစ်မှာ၊ လျာထားချက်မှာ မပါခဲ့ပါဘူး။

သို့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေ ခေါင်းစဉ်အောက်မှာပါဝင်နိုင်ရေးအတွက် ရန်ပုံငွေတောင်းခံတဲ့ အမှုတွဲတွေကို ၂၀၁၄ ခုနှစ်၊ ဖွန်လမတိုင်မီ တောင်းခံသွားရန် သက်ဆိုင်ရာဦးစီးဌာနများကို အကြောင်းကြား စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာမြင့်ကြည် ရဲ့ လာမယ့် ပညာသင်နှစ်မှာ အခြေခံပညာအဆင့်ကျောင်းများရဲ့ သင်ရိုးကို ပြောင်းလဲရန် ရှိ/မရှိ နဲ့ ပြင်ဆင်ရေးဆွဲခဲ့လျှင် နည်းနည်းသင်၊ များများလေ့လာမှုများ ပါဝင်သော သင်ရိုးညွှန်းတမ်းများအဖြစ် ရေးဆွဲထားခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်က ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အနေနဲ့လက်တွေ့ပြုပြင်ပြောင်းလဲလို့ရနိုင်တဲ့ ဒီပညာရေးကဏ္ဍနဲ့ စပ်လျဉ်းပြီးတော့ ဒီကျွန်တော်တို့အလုပ် ရုံဆွေးနွေးပွဲများကျင်းပပြီး၊ ရေတို/ရေရှည်များပြုပြင် ပြောင်းလဲသွားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း ပဏာမဦးစွာတင်ပြလိုပါတယ်။ သင်ရိုးညွှန်းတမ်းများနဲ့ ပတ်သက်ပြီးတော့ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်ကစပြီးတော့ နိုင်ငံတကာအဆင့်မီမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာမူလတန်းအဆင့်မှာ သိပ္ပံဘာသာရပ်၊ ဒါ ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည် လည်း တင်ပြခဲ့ပါတယ်ခင်ဗျား။ ဒါ (Science)လို့ ဆရာကြီးကတော့ ဒါအင်္ဂလိပ်လိုသုံးစွဲသွားပါတယ်။ ပြီးရင် စာရိတ္တနဲ့ပြည်သူ့နီတိဘာသာရပ် ဒါက Mental ကိုတိုးတက်စေရန်အတွက် ကျွန်တော်တို့သင်ကြားပေးတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ အဲဒီ့ အပြင် ဘဝတွက်တာ ကျွမ်းကျင်စရာ ကျန်းမာရေးအသိပေး ဘာသာရပ်တို့ကို တိုးချဲ့ထည့်သွင်းပေးခဲ့ ပါတယ်ခင်ဗျား။

၂၀၀၀-၂၀၀၁ ခုနှစ်၊ ပညာသင်နှစ်မှာ အခြေခံပညာအဆင့်မှာ လည်းကောင်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ အခြေခံပညာအလယ်တန်းအဆင့်မှာလည်းကောင်း၊ ကာယနှင့်အားကစား ဒါက (Physical Trainin g)လို့ ဆရာကြီးကတော့ အင်္ဂလိပ်လိုသုံးခွင့်ပြုပါလို တင်ပြသွားပါတယ်။ ဒီဘာသာရပ်ကို ထည့်သွင်း ထားပါကြောင်းနဲ့ ခုန Innovation နဲ့ Creation လို့ခေါ်တဲ့ ရသပညာ၊ ပန်းချီ၊ ဂီတတွေကိုလည်း ထည့်သွင်း ထားပါတယ်ခင်ဗျား။

စာရိတ္တနဲ့ လောကနီတိ ခုန Spirit လို့ပြောတဲ့ ပြည်ထောင်စုစိတ်ဓာတ် ဘဝတစ်သက်တာ ကျွမ်းကျင်စရာ ဘာသာရပ်၊ ကြိုသက်မွေးဖြစ်တဲ့ စက်မှုစိုက်ပျိုး၊ အိမ်တွင်းမှု ဘာသာရပ်များကို တွဲဖက် သင်ရိုးဝင်ဘာသာရပ်များ အနေနဲ့ သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၀၆ ခုနှစ်၊ ဧပြီလမှာ အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲနှင့် ဘာသာရပ်အလိုက် သင်ရိုးများရဲ့ သင်ခန်းစာများကို မွမ်းမံရေးဆွဲ ဆောင်ရွက်ခဲ့ပြီး အဆင့်မြှင့်တင် ရေးဆွဲထားတဲ့ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ပြီးတော့ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ပြီးတော့

သင်ကြားပေးလျက်ရှိပါသဖြင့် ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည် အကြံပြုတဲ့ ကျောင်းသင်ခန်းစာများနဲ့အတူ (Culture)ယဉ်ကျေးမှု၊ အားကစား(Sport)၊ လူမှုရေး(Social) တို့ကို လည်း ထည့်သွင်းသင်ကြားပေးရန်ကိစ္စမှာ လက်ရှိသင်ရိုးညွှန်းတမ်း၊ တွဲဖက်သင်ရိုး ဝင်ဘာသာရပ်များ သင်ကြားနေတဲ့ အစီအစဉ်အရ လွှမ်းခြုံမိတဲ့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မှစပြီးတော့ အခြေခံ ပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ စိုက်ပျိုးရေးဘာသာရပ်ကိုလည်း နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လက်ရှိသင်ကြားနေတဲ့ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ၊ ကျောင်းသုံးစာအုပ်များမှာပါဝင်တဲ့ သင်ခန်း စာများနဲ့ စပ်လျဉ်းပြီး အခြေခံပညာကျောင်းသားများအတွက် လေ့လာသင့်တဲ့ ပမာဏထက် ပိုမိုများပြား နေမှုများကို စိစစ်ပြီး အရည်အသွေး မထိခိုက်စေဘဲနဲ့ ဆောင်ရွက်လျက်ရှိရာမှာ မူလတန်းအဆင့်မှာ (၂၀) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ(၁၁)ရာခိုင်နှုန်း၊ အထက်တန်းအဆင့်မှာ(၁၁)ရာခိုင်နှုန်း လျှော့ချထား ပြီးဖြစ်တဲ့ သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများနဲ့ ကျောင်းသုံးဖတ်စာအုပ်များကို အခြေပြုပြီးတော့၊ အသုံးပြုပြီးတော့ အခြေခံပညာကျောင်းသားများအတွက် လေ့လာဆွေးနွေးချိန်ပိုမိုရရှိအောင် ဆောင်ရွက် ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါသင်ရိုးပြုပြင်ပြောင်းလဲထားတဲ့ ဖတ်စာအုပ်များနဲ့ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်မှစပြီး သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီ့အပြင် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ဒီနည်းနည်းသင်၊ များများလေ့လာ၊ ကျောင်းသားနဲ့ ဆရာအချိုးက ၁း၂၀ ရှိခဲ့ရင်တော့ ကိုယ်စားလှယ်တော်ကြီး အကြံပြုထားတဲ့ နည်းနည်း သင်၊ များများလေ့လာဆိုတဲ့ဟာကို အောင်မြင်နိုင်မယ်ဆိုတာကိုလည်း ဒါကျေးဇူးတင်ပါတယ်။ ပညာရေး ဝန်ကြီးဌာနအနေနဲ့လည်း ကျေးလက်ရော၊ မြို့ပြမှာပါ အနည်းဆုံး မူလတန်းကျောင်းမှာ ကျောင်းအုပ် ဆရာကြီး အပါအဝင် (၅)ဦးစီ ခန့်ထားနိုင်ရေးကိုလည်း စီစဉ် ဆောင်ရွက်လျက် ရှိပါကြောင်း စိစစ်တင်ပြ အပ်ပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာအဆင့်ကျောင်းများရဲ့ သင်ရိုးညွှန်းတမ်းများနဲ့ သင်ရိုးမာတိကာ များကို ပြုပြင်ပြောင်းလဲရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီး အကြံပြုထားတဲ့ နည်းနည်းသင်၊ များများလေ့လာသဘောတရားကို အခြေခံပြီး ကျောင်းသားများကိုယ်တိုင် များများလေ့လာ သင်ယူနိုင်သော နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိတဲ့ သင်ခန်းစာများ ပါဝင်နိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြင့်ကြည် ရဲ့ မေးခွန်းနဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်အားလုံး ကောင်းပါတယ်။ ဒါ ပြည်သူတွေလည်း စိတ်ဝင်စားတဲ့ကိစ္စ၊ ပြည်သူအားလုံးလည်း သိသင့်တဲ့ကိစ္စဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ လုံးကောက် အပြည့်အစုံ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**ပုဏ္ဏားကျွန်းမြို့နှင့် စက်မှုဇုန်ရှိရာ ဦးရာဇ်တောင်ဘက်ကမ်းကိုဆက်သွယ်ပေးမည့် ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်လတ် က ပုဏ္ဏားကျွန်းမြို့နှင့် စက်မှုဇုန်ရှိရာ ဦးရာဇ်တောင်ဘက်ကမ်းကို ဆက်သွယ်ပေးမည့် ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ပုဏ္ဏားကျွန်းမြို့နှင့် စက်မှုဇုန်ရှိရာ ဦးရာဇ် တောင်ဘက်ကမ်းကို ဆက်သွယ်ရန် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးမည့် အစီအစဉ်ရှိပါသလားဆိုတာဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို အကြောင်းအချက် (၃)ခုပေါ်မှာ မူတည်ပြီးတော့ မေးထားတာဖြစ်ပါတယ်။ အဲဒီအချက်(၃)ခုစလုံးကလည်း ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကို လျှင်မြန်စေမယ့် အချက်အလက်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပုဏ္ဏားကျွန်းမြို့နယ်ဟာ ရှေးဟောင်းမြို့တစ်ခု ဖြစ်ပါတယ်။ မြောက်ဦးခေတ်ကတည်းက ရေတပ်ကင်းစောင့်တဲ့မြို့အဖြစ် တည်ထားတဲ့မြို့ဖြစ်တဲ့အတွက် မြို့ကွက်အနေအထားက ကျဉ်းပါတယ်။ ပုဏ္ဏားတွေ နေခဲ့တဲ့အတွက် ပုဏ္ဏားကျွန်းမြို့လို့ ခေါ်တာဖြစ်ပါတယ်။ မြို့ရဲ့အရှေ့ဘက်မှာ ကုလားတန်မြစ်က တားဆီးထားပါတယ်။ မြို့ရဲ့တောင်ဘက်မှာလည်း ကင်းချောင်း ဆိုတဲ့ ချောင်းကြီးကတားဆီးထားပါတယ်။ ဒါကြောင့်မြို့ကွက်ကျဉ်းနေတာဖြစ်ပါတယ်။ မြောက်ဘက်နဲ့ အနောက်ဘက်မှာလည်း ပြည်ထောင်စုကားလမ်းမကြီးက ဖြတ်သန်းသွားပါတယ်။ ပြီးတော့ တစ်ခါ ရထားလမ်းကလည်း ဖြတ်သွားပါတယ်။ ပြီးတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ လျှပ်စစ် Transformer တွေ၊ Switch yard တွေ၊ ဒါတွေကနေရာအများကြီးယူထားပါတယ်။ အဲဒီယူတဲ့နေရာကိုတောင်မှ လယ်ယာမြေတွေကိုဝယ်ပြီးတော့မှ တည်ဆောက်ထားရတာဖြစ်ပါတယ်။ ပြီးတော့ ဒီ ခ.လ.ရ(၅၅၀)တပ်ရင်းကလည်း နေရာအများကြီး ယူထားပါတယ်။ နောက်ပြီးတော့ တောတွေ၊ တောင်တွေကလည်း ပိတ်ဆို့နေပါတယ်။ အဲဒါကြောင့် မြို့ကွက်အနေနဲ့ တော်တော်ကျဉ်းတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ မြို့ကို ချဲ့မယ်ဆိုရင်လည်း မြို့ရဲ့ တစ်ဘက်ကမ်းမှာရှိတဲ့ ဦးရာဇ် တောင်ဘက်ကမ်းကိုပဲ ချဲ့ရမယ့် အလားအလာရှိပါတယ်။

နောက်တစ်ချက်ကလည်း ဒီပုဏ္ဏားကျွန်းမြို့ရဲ့တောင်ဘက်မှာ ဦးရာဇ် တောင်ဘက်ကမ်းမှာပဲ ကျေးရွာပေါင်း(၁၄)ရွာ ရှိပါတယ်။ အဲဒီကျေးရွာ(၁၄)ရွာကိုဆက်တဲ့ ကျေးရွာဆက်လမ်းကို ရောက်လေ့ရှိပါတယ်။ အဲဒီလမ်းကို ခေတ်အစိုးရလက်ထက်က ခ.ရ.က လမ်းလို့ခေါ်ပါတယ်။ အခုတော့ ကျောက်ချောလမ်းအထိတစ်ပိုင်းတစ်စဖောက်လုပ်ထားပါတယ်။ အဲဒီလမ်းအရှည်ကလည်း(၁၄)မိုင်လောက် ရှိပါတယ်။ အဲဒီရွာ(၁၄)ရွာကို ဖြတ်သွားတဲ့ (၁၄)မိုင်အဆုံးမှာ စစ်တွေမြို့နယ်ရဲ့ မင်းဂံသဘော်ဆိပ်မြို့ ရှိပါတယ်။ အဲဒါကြောင့် အဲဒီ ကျေးရွာ(၁၄)ရွာကလည်း တော်တော်အရေးကြီးတဲ့ လမ်းဖြစ်ပါတယ်။

တကယ်လို့သာ ဦးရာဇ် တောင်ဘက်နဲ့ ပုဏ္ဏားကျွန်းမြို့ကို ကွန်ကရစ်တံတား ထိုးနိုင်မယ်ဆိုရင် ခုနကပြောတဲ့ ရွာ(၁၄)ရွာနဲ့ အဲဒီ (၁၄)မိုင်ရှည်တဲ့ လမ်းဟာ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားပြီးတော့ ကုလားတန်မြစ်ရဲ့ ကမ်းနားတစ်လျှောက်မှာ ကုန်စည်စီးဆင်းမှုနဲ့လူ၊ ခရီးသည်တွေ ဖြတ်သန်းသွားလာမယ့် အချက်အခြာကျမယ့် လမ်းတစ်လမ်း ဖြစ်လာမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း အဲဒီ ဦးရာဇ် တောင်ဘက်ကမ်းမှာပဲ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ လျာထားတဲ့ စက်မှုဇုန် ရှိပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင် ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန်ဟာ ကျောက်ဖြူစက်မှုဇုန်ပြီးရင် ဒုတိယမြောက် လျာထားတဲ့ စက်မှုဇုန် ဖြစ်ပါတယ်။ အဲဒီစက်မှုဇုန်ကို သွားမယ်ဆိုရင်လည်း အဲဒီ ခုနကပြောတဲ့လမ်းကပဲ သွားရမှာ ဖြစ်ပါတယ်။ အဲဒီစက်မှုဇုန်ကလည်း ဦးရာဇ်တောင် ဘုရားနဲ့ မနီးမဝေးမှာ ရှိပါတယ်။

လက်ရှိလောလောဆယ်အချိန်မှာတော့ ဦးရာဇ်တောင်ဘက်ကမ်းနဲ့ ပုဏ္ဏားကျွန်းမြို့ကို ကြိုးတံတားလေးတစ်စင်းနဲ့ ဆက်သွယ်ထားပါတယ်။ အဲဒီကြိုးတံတားကလည်း လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က တည်ထားတဲ့ ကြိုးတံတား ဖြစ်တဲ့အတွက် ဆွေးမြေ့နေပါပြီ။ နောက် အဲဒီတံတားက စက်ဘီးတို့၊ သုံးဘီးဆိုင်ကယ်တို့၊ မော်တော်ဆိုင်ကယ်တို့ သွားလို့လည်းမရပါဘူး။ ခရီးသည်သက်သက်သာ ဖြတ်သန်းသွားလာလို့ရတဲ့ တံတားဖြစ်ပါတယ်။ အကုန်လုံးက ပေ(၃၅၀)လောက်ရှိပါတယ်။ တကယ်လို့ အဲဒီတံတားကိုသာ ကွန်ကရစ်တံတားအဖြစ် ထိုးပေးနိုင်လို့ရှိရင် ခုနက ကျွန်တော်တင်ပြတဲ့ အချက်(၃)ချက် ဖြစ်တဲ့ ပုဏ္ဏားကျွန်းမြို့ကွက် တိုးချဲ့ရေး၊ နောက် စက်မှုဇုန်ဘက်ကို အလွယ်တကူရောက်ရှိရေးနဲ့ ကျေးရွာပေါင်း (၁၄)ရွာကတစ်ဆင့် စစ်တွေမြို့နယ်အထိဆက်သွားတဲ့ လမ်းတစ်လမ်းပေါ်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကွန်ကရစ်တံတားဟာ ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးရေးကို ကြီးစွာသော အထောက်အကူပြုနိုင်မယ့် အလားအလာရှိတယ်ဆိုတာကို ဥက္ကဋ္ဌကြီးဆီကတစ်ဆင့်တင်ပြရင်း ကျွန်တော်နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးသန့်ရှင်း၊ ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံး

ဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီးဦးသန့်ရှင်း ဖြစ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းသည့် မေးခွန်းနဲ့ ပတ်သက်၍ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ပုဏ္ဏားကျွန်းမြို့နယ်သည် ကုလားတန်မြစ်၏ လက်ယာဘက်ကမ်း ကင်းချောင်း၏ မြောက်ဘက်နဖူးနှင့် စစ်တွေ-ရန်ကုန်ကားလမ်း၊ မီးရထားလမ်းတို့၏အကြားတွင်တည်ရှိပါတယ်။ ကင်းချောင်းမှာမြို့ကိုပတ်၍ ဖြတ်သန်းစီးဆင်းနေသဖြင့် ကျွန်းငယ်သကဲ့သို့ ဖြစ်နေပါတယ်။ မြို့ဧရိယာမှာ(၀.၅၂)စတုရန်းမိုင်ရှိပြီး၊ ဧကအားဖြင့် (၃၃၀) ဧကကျယ်ဝန်းပါတယ်။ မြို့ပေါ်တွင် ရပ်ကွက်(၄)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ(၂၁၃၆)အိမ်၊ အိမ်ထောင်စု(၂၁၆၅)စုနှင့် လူဦးရေ(၁၀၅၇၀)ဦး ရှိပါတယ်။

ပုဏ္ဏားကျွန်းမြို့သည် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းတို့ဖြင့် ဝင်၊ထွက်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းသော မြို့တစ်မြို့ဖြစ်ခြင်းကြောင့် စစ်တွေမြို့နှင့် ကားလမ်းသွားလာရေး အဆင်ပြေသဖြင့်လည်းကောင်း၊ စက်မှုဇုန်ဖြစ်ပေါ်လာပါက စီးပွားရေးအချက်အခြာကောင်းပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်သဖြင့် ပုဏ္ဏားကျွန်းနဲ့ ထိစပ်လျက်ရှိသော ပေါက်တောမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ရသေ့တောင်မြို့နယ်တို့မှ ကျေးလက်နေပြည်သူအချို့မှာ ပုဏ္ဏားကျွန်းမြို့သို့ ပြောင်းရွှေ့ဝင်ရောက်လျက်ရှိပါတယ်။ မြို့ပေါ်ရပ်ကွက်၏ ပုံမှန်လူဦးရေ (၂)ရာခိုင်နှုန်းတိုးတက်မှုအရလည်းကောင်း၊ မြို့နယ်များမှ ဝင်ရောက်လာသူတို့ကြောင့်လည်းကောင်း လက်ရှိအခြေအနေတွင် လူနေသိပ်သည်းလျက်ရှိရာ မြို့ကွက်သစ်များတိုးချဲ့ပေးရန် လိုအပ်လျက်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြစီမံကိန်းအရ ပုဏ္ဏားကျွန်းမြို့၏ အနောက်ဘက်(၅)ဖာလုံခန့်ရှိ ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းဘေးမြေကွက် လယ်မြေပေါ်တွင် မြို့ကွက်သစ်ဖော်ထုတ်ရန် ရေးဆွဲထားသော်လည်း စက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော်လာပါက လက်ရှိရေးဆွဲထားသည့် စီမံကိန်းနှင့်လုံလောက်မှုမရှိဘဲ အိမ်ရာမြေကွက်သစ်များတိုးချဲ့ဖော်ထုတ်ပေးရန် လိုအပ်ပါတယ်။ ထိုသို့ ဖော်ထုတ်ရန်အသင့်တော်ဆုံးနေရာမှာ ပုဏ္ဏားကျွန်းမြို့တစ်ဘက်ကမ်း ဦးရာဇ်တောင်စေတီတောင်ခြေရင်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် ပုဏ္ဏားကျွန်းမြို့နှင့် ဦးရာဇ်တောင်စေတီတောင်ခြေသို့ ဆက်သွယ်ထားသည့် အလျား(၃၅၀)ပေခန့် ရှည်လျားသော သစ်သားကြိုးတံတားတစ်စင်းမှာ(၂၅)နှစ်ခန့်ကြာမြင့်နေပြီ ဖြစ်ပါသဖြင့် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်အသုံးပြုလျက်ရှိသော်လည်း သစ်သားများဆွေးမြေ့နေပြီး ပြန်လည်မွမ်းမံမှုမပြုနိုင်သေးသည့်အတွက် သုံးဘီးဆိုင်ကယ်နှင့်ယာဉ်များ သွားလာမှုမရရှိသည်ကိုတွေ့ရှိရပါတယ်။ အဆိုပါတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးပါက ဦးရာဇ်တောင်ကမ်းဘက်သို့ ယာဉ်များအချိန်မရွေးသွားလာနိုင်ခြင်းကြောင့် ပုဏ္ဏားကျွန်းမြို့နယ် တောင်ဘက်ပိုင်းရှိ ကျေးရွာ(၁၄)ရွာသို့ ကျေးလက်ရွာချင်းဆက်လမ်းအတိုင်း လမ်းပန်းဆက်သွယ်ရေး အလွန်ကောင်းမွန်သွားမည် ဖြစ်သည့်အတွက် မြို့ကွက်သစ် တိုးချဲ့လာပါကလည်း ဆက်သွယ်ရေးတံတား

တည်ဆောက်ပြီးဖြစ်၍ ဦးရာဇ်တောင် ကြိုးတံတားအစား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။

ဦးရာဇ်တောင်ဘုရားကြီး တောင်ခြေရှိ သစ်သားကြိုးတံတားအား ကြံ့ခိုင်မှု ရရှိစေရန်အတွက် လိုအပ်သောအပိုင်း ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများအတွက် ငွေကျပ်(၂၅)သန်းအား ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဖြည့်စွက် ရန်ပုံငွေတွင် ထည့်သွင်းလျာထား ထားပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အတွက် ပြည်နယ်ဖွံ့ဖြိုးရေး စီမံကိန်းတွင် ဦးစားပေး အစီအစဉ်အတိုင်း ဘတ်ဂျက်ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမျိုးအောင် ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ စက်မှုဝန်ကြီးဌာနကိုယ်စား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ယခင်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သီးခြားဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းမရှိပါ။ ယခုအခါ ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါသဖြင့် ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဟာ စီးပွားရေး ပြုပြင်ပြောင်းလဲရာတွင် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံဖြစ်သလို ပုဂ္ဂလိကကဏ္ဍရဲ့ အုတ်မြစ်လည်းဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် စီးပွားရေး မတည်ငြိမ်သည့် ကာလများ၌ပင် ဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်အောင် ထိန်းကျောင်းပေးနိုင်ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏ နေရာအနှံ့အပြားတွင်တည်ရှိခြင်းကြောင့် ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သည့်အပြင် မလိုလားအပ်သော မြို့ပြချဲ့ထွင်မှုကိုလည်းတားဆီးနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစေပါတယ်။

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အရင်းအနှီးနည်းပါးခြင်း၊ ပံ့ပိုးကူညီသည့် အဖွဲ့အစည်း နည်းပါးခြင်း၊ နည်းပညာ၊ စီမံခန့်ခွဲမှုနဲ့ သတင်းအချက်အလက် ရရှိမှု အားနည်းခြင်းတို့ကို ရင်ဆိုင်နေရပါတယ်။ သို့ဖြစ်ပါ၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို အမြန်ဆုံးဖန်တီးပေးရန် လိုအပ်လျက်ရှိပါတယ်။ ယခုရေးဆွဲထားတဲ့ ဥပဒေမူကြမ်းတွင် အခန်း(၁၄)ခန်း၊ ပုဒ်မ(၃၅)ခု ပါဝင်ပါတယ်။ ထုတ်လုပ်မှုလုပ်ငန်း၊ လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနဲ့ အခြားစီးပွားရေး လုပ်ငန်းတို့ကို အမြဲတမ်းဝန်ထမ်းဦးရေ၊ မတည်ရင်းနှီး ငွေနဲ့လွန်ခဲ့တဲ့နှစ်၏ တစ်နှစ်ဝင်ငွေ စသည်တို့အပေါ် မူတည်ပြီး အသေးစားစီးပွားရေးလုပ်ငန်းနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဟု အဓိပ္ပာယ်ဖော်ပြထားပါတယ်။ ဤဥပဒေကို နိုင်ငံတစ်ဝှမ်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ဝင်ငွေသစ်များ ရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန်နဲ့ ပြည်တွင်း ပြည်ပဈေးကွက်သို့ လက်လှမ်းမီစေရန် ရည်ရွယ်ပြီး ရေးဆွဲထားခြင်း ဖြစ်ပါတယ်။

ဥပဒေကို အကောင်အထည်ဖော်နိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ အကြံပေးအဖွဲ့၊ အေဂျင်စီရုံးခွဲများ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့၊ One Stop Service center တို့ကို ဖွဲ့စည်းဆောင်ရွက်မှာဖြစ်ပါတယ်။ အေဂျင်စီရုံးခွဲများနှင့် ပူးတွဲ၍ ဖွဲ့စည်းထားမည့် One Stop Service center များသည် ဥပဒေအရ မှတ်ပုံတင်ခြင်း၊ လုပ်ငန်းလိုင်စင်နှင့် ထောက်ခံချက် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ကူညီထောက်ပံ့ပေးမည့် ရန်ပုံငွေကို နိုင်ငံတော်မှ မတည်ရင်းနှီးငွေ၊ အတိုးသက်သာသော ပြည်တွင်းပြည်ပချေးငွေ၊ ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူများ၏ ထည့်ဝင်ငွေများဖြင့် ထူထောင်သွားမှာဖြစ်ပါတယ်။ One Stop Service center တွင် အေဂျင်စီအဖွဲ့ဝင်များ၏ ကိုယ်စားလှယ်အရာရှိများ၏ ရုံးထိုင်ပြီး လုပ်ပိုင်ခွင့်အပြည့်အဝ ပေးအပ်ထားမှာဖြစ်ပါတယ်။ ဤဥပဒေအတည်ပြုပြဋ္ဌာန်းပြီးပါက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနဲ့ အိမ်တွင်းစက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေတို့ကို ပြင်ဆင်သည့်ဥပဒေတို့ကို လွှမ်းမိုးစေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဇော်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက တင်သွင်းသော အသေးစားနှင့်

အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား လွှတ်တော်ကဆွေးနွေးစဉ်းစားရန် အဆိုကို ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း မှ ထောက်ခံ အပ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၆-၂-၂၀၁၄ ရက်(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၄)ခေါင်းစဉ်

အခန်း(၄)

လှျောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၄)ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၄)ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၇

၇။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် စာချွန်တော် အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၇(က)(ခ)(ဂ)၊ အပိုဒ် ၈ ၊ အပိုဒ် ၉ ၊ အပိုဒ် ၁၀ အပိုဒ် ၁၄၊ အပိုဒ် ၁၅

အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက အပိုဒ် ၇ (က)(ခ)(ဂ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ တို့တွင် စိစစ်ကြားနာရေးဆိုသည့် စကားရပ်များအား ကြားနာဆုံးဖြတ်ရေး ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၇ (က)(ခ)(ဂ)၊ အပိုဒ် ၈ ၊ အပိုဒ် ၉ ၊ အပိုဒ် ၁၀ ၊ အပိုဒ်၁၄၊ အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ (က)(ခ)(ဂ)၊ အပိုဒ် ၈ ၊ အပိုဒ် ၉ ၊ အပိုဒ် ၁၀ ၊ အပိုဒ်၁၄၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၁၃

၁၃။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများကို စာချွန်တော်ရုံး ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၁၆

၁၆။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်တို့နှင့် စပ်လျဉ်း၍ လျှောက်ထားလွှာတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ တစ်နှစ်အတွင်း လျှောက်ထားလွှာ တင်သွင်းခြင်း မပြုလျှင် စာချွန်တော်အမိန့်ထုတ်ပြန်ခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၈(ခ) -

၁၈။ (ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤ ဥပဒေအာဏာတည်သည့်နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့် စပ်လျဉ်းသောအမှုများကို ဤဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ်၁၈(ခ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ်၁၈(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၁၉ (က)(ခ)

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁၉(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေးရပ်နားကြောင်းနှင့် ဒသမနေ့အစည်းအဝေး ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၀း၅၅ နာရီ အချိန်တွင် ရပ်နားပါသည်။]